ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၃) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၄ |
| ၂။ | စင်္ကာပူနိုင်ငံတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာဆောင်ရွက်ချက်များ။ | ၅-၇ |
| ၃။ | ပလတ်စတစ်ညစ်ညမ်းမှုတိုးပွားလာသည့်ကိစ္စရပ်များအပေါ် ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများ။ | ၈-၉ |
| ၄။ | အမေရိကန်၏ကျူးဘားအပေါ် ပိတ်ဆို့အရေးယူမှုအား အဆုံးသတ်ပေးရန် ကာလရှည်ကြာတောင်းဆိုမှုကို ကုလသမဂ္ဂအထွေထွေညီလာခံမှ ပြန်လည်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ | ၁၀ |
| ၅။ | အင်ဒိုနီးရှားနိုင်ငံ၏အလုပ်သမားဆိုင်ရာဥပဒေအကြောင်းတစ်စေ့တစ်စောင်း။ | ၁၁-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၃) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ထုတ်ပြန်ခြင်းအမိန့်ကြော်ငြာစာနှင့် စစ်ကိုင်းတိုင်းဒေသကြီးဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄(ဂ) အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းထားသောအခွင့်အာဏာကိုကျင့်သုံး၍ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် ထုတ်ပြန်ခြင်းအမိန့်ကြော်ငြာစာကို ၂၅-၁၀-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၀၅၅/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းဆိုသည်မှာ စံချိန်မီရွှေ၊ ရွှေနှင့်ရွှေကြမ်း၊ လက်ဝတ်ရတနာနှင့် ရွှေနှင့်ရွှေကြမ်းဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့်အသုံးအဆောင်ပစ္စည်းများကို ပြည်တွင်း၌ အရောင်းဆိုင်ဖွင့်လှစ်၍ ရောင်းဝယ်ခြင်းပြုလုပ်သော ဝန်ဆောင်မှုလုပ်ငန်းကိုဆိုကြောင်း အမိန့်ကြော်ငြာစာအပိုဒ် ၂(စ) ၌ လည်းကောင်း၊ လုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤအမိန့်အရ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းကထုတ်ပေးသော ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကိုဆိုကြောင်း အမိန့်ကြော်ငြာစာအပိုဒ် ၂(ဈ) ၌ လည်းကောင်း ဖော်ပြထားပါသည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တွင် စံချိန်မီရွှေရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ရွှေ၊ ရွှေကြမ်း၊ လက်ဝတ်ရတနာ၊ ရွှေနှင့် ရွှေကြမ်းဖြင့်ပြုလုပ်သော

အနုပညာပစ္စည်းများနှင့်အသုံးအဆောင်ပစ္စည်းများ ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ဟူ၍ အမျိုးအစားနှစ်မျိုးပါဝင်ပြီး လျှောက်လွှာပုံစံတစ်စောင်စီဖြင့် လျှောက်ထားရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ထိုသို့လုပ်ငန်းလိုင်စင်တစ်မျိုးမျိုးကို လျှောက်ထားလုပ်ကိုင်လိုသူသည် ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ကနဦးစိစစ်ရေးအဖွဲ့သို့ အပိုဒ် ၄ (က)မှ (ဠ)ပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ပူးတွဲလျှောက်ထားရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကနဦးစိစစ်ရေးအဖွဲ့သည် ထိုသို့လျှောက်ထားမှုကို အပိုဒ် ၅ (က) မှ (င) ပါအချက်များဖြင့် စိစစ်စစ်ဆေးပြီး သတ်မှတ်ချက်နှင့်ပြည့်စုံညီညွတ်ပါက လုပ်ငန်းလိုင်စင်စိစစ်ရေးအဖွဲ့သို့ ထောက်ခံတင်ပြရမည်ဖြစ်သည်။ လုပ်ငန်းလိုင်စင်စိစစ်ရေးအဖွဲ့သည် ကနဦးစိစစ်ရေးအဖွဲ့မှ ထောက်ခံတင်ပြလာသောလျှောက်လွှာများကိုစိစစ်၍ လိုအပ်ပါက လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၏အုပ်ချုပ်သူ အစုရှယ်ယာရှင်များ၏ နောက်ကြောင်းရာဇဝင်ကင်းရှင်းခြင်း ရှိ မရှိကို ပြည်ထဲရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ရင်းနှီးမြှုပ်နှံငွေသည် အခွန်ထမ်းဆောင်ပြီးသောငွေဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့လည်းကောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံငွေသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့လည်းကောင်း ပေးပို့ခြင်းတို့ကို ဆောင်ရွက်ပြီး သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း သို့မဟုတ် ညီညွတ်မှုမရှိပါက ငြင်းပယ်ခြင်းပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် လုပ်ငန်းလိုင်စင်စိစစ်ရေးအဖွဲ့က ထောက်ခံတင်ပြလာသော လျှောက်လွှာများကို စိစစ်၍ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိပါက လုပ်ငန်းလိုင်စင်ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ထုတ်ပေးရန်ခွင့်ပြုရမည်ဟု သိရှိရပါသည်။

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် လုပ်ငန်းလိုင်စင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားကို လုပ်ငန်းလိုင်စင်လျှောက်ထားသည့်လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီက တင်ပြသည့်အခါ

လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်ဖြစ်ပြီး လုပ်ငန်းလိုင်စင်သက်တမ်းကာလသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်ဟု သိရှိရပါသည်။

လုပ်ငန်းလိုင်စင်ရရှိသည့်လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီသည် ရောင်းဝယ်ခြင်းဆောင်ရွက်ရာတွင် ရောင်းဝယ်မှုပြေစာ၌ ရောင်းသူ သို့မဟုတ် ဝယ်သူတို့၏အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ရွှေစျေးနှုန်းနှင့် အလေးချိန်တို့ကို ပြည့်စုံစွာဖော်ပြ၍ ရောင်းသူ သို့မဟုတ် ဝယ်သူအား ထိုပြေစာကိုပေးအပ်ရမည်ဖြစ်ပြီး ပြေစာလက်ခံနှင့် တစ်နေ့တာ ရောင်းဝယ်မှုစာရင်းဇယားတို့ကို အနည်းဆုံး ငါးနှစ် ထိန်းသိမ်းထားရှိရမည်ဖြစ်ကြောင်းနှင့် ထိုပြေစာ သို့မဟုတ် ရောင်းဝယ်မှုစာရင်းဇယားများကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တောင်းခံလာပါက နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပေးအပ်ရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

လုပ်ငန်းလိုင်စင်ရရှိသည့်လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီသည် ဤအမိန့်ပါလိုက်နာရမည့်အချက်များအား မလိုက်နာလျှင်သော်လည်းကောင်း၊ မည်သူမဆို ဤအမိန့်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်သော်လည်းကောင်း အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုသူများ၊ လေ့လာသိရှိလိုသူများအနေဖြင့် ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်နှင့် စပ်လျဉ်း၍လိုက်နာရမည့်အချက်များ၊ ပုံစံများကို MLIS Website တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## စင်္ကာပူနိုင်ငံတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာဆောင်ရွက်ချက်များ

စင်္ကာပူပါလီမန်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာမူဘောင်များကို နိုင်ငံတကာစံနှုန်းများနှင့် ချိန်ညှိရန်၊ အစိုးရအဖွဲ့အစည်းများ၏ငွေကြေးခဝါချမှုများ ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို မြှင့်တင်ရန်၊ ပြစ်မှုကျူးလွန်ကြောင်း သံသယရှိသူများထံမှ ပိုင်ဆိုင်မှုပစ္စည်းများကို သိမ်းဆည်းခြင်း သို့မဟုတ် ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို မြှင့်တင်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ခြင်းနှင့် အခြားကိစ္စရပ်များဆိုင်ရာဥပဒေကြမ်းကို အတည်ပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါဥပဒေကြမ်းအရ အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် အခြားကြီးလေးသောရာဇဝတ်မှုများ (အကျိုးခံစားခွင့်များသိမ်းဆည်းခြင်း)အက်ဥပဒေ (CDSA)စသည့် ဥပဒေများကို ပြင်ဆင်ရန်လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါဥပဒေကြမ်းအတည်ပြုပြီးနောက် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် စင်္ကာပူနိုင်ငံသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာမူဘောင်များ၏ထိရောက်မှုကို ထိန်းသိမ်းရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်အဖြစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးမဟာဗျူဟာကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါမဟာဗျူဟာတွင် ငွေကြေးခဝါချမှုအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာမြောက် ချဉ်းကပ်ပုံကို အကြမ်းဖျင်းဖော်ပြထားပြီး လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည့်အန္တရာယ်ရှိမှုများနှင့် ရာဇဝတ်မှုအမျိုးအစားများအတွက် အဓိကပစ်မှတ်ထားသည့်ဆောင်ရွက်ရမည့်အချက်များကို လမ်းညွှန်ဖော်ပြထားပါသည်။

အဆိုပါငွေကြေးခဝါချမှုတိုက်ဖျက်ရေးမဟာဗျူဟာကို အဓိကအားဖြင့် ငွေကြေးခဝါချမှုဆိုင်ရာ ရာဇဝတ်မှုများကျူးလွန်ခြင်းနှင့်အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ရန်၊ တရားမဝင်ငွေကြေးစီးဆင်းမှုများနှင့်လှုပ်ရှားမှုများကို အဟန့်အတားဖြစ်စေရန်နှင့် ငွေကြေးခဝါချမှုကျူးလွန်သူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်ဟူ၍ မဏ္ဍိုင်သုံးရပ်ဖြင့် ရေးဆွဲထားပါသည်။ အဆိုပါမဏ္ဍိုင်သုံးရပ်ကို လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဥပဒေနှင့် စည်းမျဉ်းမူဘောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အကောင်အထည်ဖော်

ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးမဟာဗျူဟာသည် နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်ငွေကြေးခဝါချမှုတိုက်ဖျက်ခြင်းဆိုင်ရာ အန္တရာယ်ရှိမှုများ၊ လေ့လာတွေ့ရှိချက်များလည်း ထည့်သွင်းစဉ်းစားပြီး ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စင်္ကာပူနိုင်ငံရှိ ဘဏ်အဖွဲ့အစည်းများ (ABS)ကလည်း ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(AAPG)နှင့်ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုများကို ငွေကြေးထောက်ပံ့ခြင်းများကိုတားဆီးရန် “best practice paper” ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ paper တွင်ဖော်ပြထားသည့်အချက်အလက်များသည် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများကိုဖြစ်ပေါ်စေသည့် ငွေကြေးခဝါချသူများကို ဖော်ထုတ်ရာတွင် အဓိကအရေးပါသည့်အချက်များဖြစ်ကြောင်း ABS မှ တာဝန်ရှိသူများက ပြောကြားခဲ့ပါသည်။

စင်္ကာပူနိုင်ငံသည် ယုံကြည်စိတ်ချရသော နိုင်ငံတကာဘဏ္ဍာရေးအချက်အချာနှင့် စီးပွားရေးအချက်အချာဖြစ်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် တရားဝင်စီးပွားရေးလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် ဆက်လက်ကြိုဆိုလျက်ရှိပြီး ငွေကြေးခဝါချမှုများကိုလည်း ဆန့်ကျင်သည့်နိုင်ငံအဖြစ် အခိုင်အမာရပ်တည်လျက်ရှိနေပါသည်။ သို့ဖြစ်ရာ စင်္ကာပူနိုင်ငံတွင် ငွေကြေးခဝါချမှုဆိုင်ရာအန္တရာယ်ရှိမှုများကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ပြီး အန္တရာယ်ရှိမှုများအား စိစစ်အကဲဖြတ်ချက်များအပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲထားသော ထိရောက်သည့်မူဘောင်များလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.sovereigngroup.com/news/news-and-views/singapore-parliament-approves-new-aml-bill-to-align-with-international-standards/
- https://www.mas.gov.sg/news/media-releases/2024/singapore-publishes-national-anti-money-laundering-strategy

## ပလတ်စတစ်ညစ်ညမ်းမှုတိုးပွားလာသည့်ကိစ္စရပ်များအပေါ် ကုလသမဂ္ဂ၏ဆောင်ရွက်မှုများ

ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝှမ်းရင်ဆိုင်ကြုံတွေ့နေရသော အရေးကြီးသည့် ပြဿနာတစ်ခုဖြစ်ပြီး နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန်ပေါင်းများစွာသည် ရေနေဂေဟစနစ်များ အတွင်းသို့ယိုစိမ့်ကာ အင်းအိုင်များ၊ မြစ်ချောင်းများနှင့် ပင်လယ်များကို ညစ်ညမ်းမှုများဖြစ်ပွားစေလျက် ရှိပါသည်။ အလားတူ ပလတ်စတစ်ညစ်ညမ်းမှုသည် သဘာဝဖြစ်စဉ်များကိုပြောင်းလဲစေသည့်အပြင် လူအများ၏အသက်မွေးဝမ်းကြောင်းပြုမှု၊ အစားအစာထုတ်လုပ်နိုင်မှုနှင့် လူမှုဘဝနေထိုင်မှုတို့ကို တိုက်ရိုက်ထိခိုက်စေပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က နှစ်စဉ် လူဦးရေသန်းပေါင်းများစွာမှ ပလတ်စတစ်တန်ချိန်ပေါင်းများစွာ ထုတ်လုပ်လျက်ရှိရာ အဆိုပါပလတ်စတစ်အမျိုးအစား၏တစ်ဝက်လောက်သည် တစ်ခါအသုံးပြုပြီး လွှင့်ပစ်ရသည့်ပလတ်စတစ်အမျိုးအစားများဖြစ်သဖြင့် ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်သမုဒ္ဒရာများ၌ ငါးများထက် ပလတ်စတစ်များကို ပိုမိုတွေ့ရှိနိုင်လိမ့်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပလတ်စတစ်ညစ်ညမ်းမှုများ အဆုံးသတ်နိုင်ရေးအတွက် နိုင်ငံများအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေးသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားရာတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ပလတ်စတစ်ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် “ကမ္ဘာတစ်ဝှမ်းမှပြည်သူများက တောင်းဆိုနေကြသည်”ဆိုသည့်အချက်ကို အဓိကမီးမောင်းထိုးပြ၍ ၂၀၂၄ နှစ်အကုန်တွင် သဘောတူညီချက်တစ်ရပ်ချုပ်ဆိုရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကုလသမဂ္ဂရှိ အစိုးရအချင်းအချင်းညှိနှိုင်းမှုကော်မတီသည် ပင်လယ်ရေဝန်းကျင်အပါအဝင် ပလပ်စတစ်ညစ်ညမ်းမှုများအပေါ် တားဆီးကာကွယ်နိုင်ရန် တရားဝင်စည်းနှောင်အားရှိသည့် စာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ရန် ကုလသမဂ္ဂညီလာခံတွင် တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရာ အဆိုပါဆွေးနွေးမှုများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ သို့မဟုတ် ဒီဇင်ဘာလတွင် အပြီးသတ်ညှိနှိုင်းဆွေးနွေးရန် လျာထားလျက်ရှိကြောင်း သိရှိရပါသည်။

ကိုလံဘီယာအစိုးရသည် တိုးပွားလာသော ပလတ်စတစ်ညစ်ညမ်းမှုများကိုလျှော့ချရန် တစ်ခါသုံး ပလတ်စတစ်အမျိုးအစားများဖြစ်သည့်စူပါမားကတ်များတွင် အသုံးပြုသည့် အိတ်များ၊ သစ်သီးဝလံ နှင့် ဟင်းသီးဟင်းရွက်များထုပ်ပိုးသည့် အိတ်များ၊ မဂ္ဂဇင်းနှင့် သတင်းစာများထုပ်ပိုးသည့်အိတ်များ၊ လျှော်ဖွတ်မည့်အဝတ်များကို ထုပ်ပိုးရာတွင်အသုံးပြုသည့် အိတ်များအစရှိသည့် ပလတ်စတစ် အမျိုးအစားများကို တားမြစ်ပိတ်ပင်ရန် ဥပဒေမူဘောင်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://news.un.org/en/story/2024/10/1156301
- https://barranquilla.guide/colombia-bans-single-use-plastic-products-july-2024/

## အမေရိကန်၏ကျူးဘားအပေါ် ပိတ်ဆို့အရေးယူမှုအား အဆုံးသတ်ပေးရန် ကာလရှည်ကြာတောင်းဆိုမှုကို ကုလသမဂ္ဂအထွေထွေညီလာခံမှ ပြန်လည်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

ကုလသမဂ္ဂအထွေထွေညီလာခံက ကျူးဘားအပေါ် အမေရိကန်၏စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပိတ်ဆို့မှုများကို အဆုံးသတ်ရန် ၁၉၉၂ ခုနှစ်ကတည်းက နှစ်စဉ်တောင်းဆိုခဲ့သည့်အချက်ကို ပြန်လည်အတည်ပြုရန် ၃၀-၁၀-၂၀၂၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၈၇ မဲ၊ ကန့်ကွက်မဲ ၂ မဲ (အစ္စရေးနှင့် အမေရိကန်) နှင့် ကြားနေမဲ ၁ မဲ (မော်လ်ဒိုဗာ)တို့ ရရှိခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်တွင် နိုင်ငံများ၏အခြေခံမူများအကြား အချုပ်အခြာအာဏာတန်းတူညီမျှမှု ၎င်းတို့၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမရှိခြင်းတို့နှင့်နိုင်ငံတကာကုန်သွယ်မှုနှင့် သွားလာမှုတို့နှင့်စပ်လျဉ်း၍ လွတ်လပ်ခွင့်တို့အား ဝင်ရောက်စွက်ဖက်မှုမပြုရန် ထပ်မံ အတည်ပြုခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် နိုင်ငံအားလုံးအား ကန့်သတ်တားမြစ်သည့်ဥပဒေများ ထုတ်ပြန်ခြင်း သို့မဟုတ် ကျင့်သုံးဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန်၊ UN Charter နှင့် International Laws ပါ လွတ်လပ်စွာကုန်သွယ်မှုနှင့်သွားလာမှုအရ ၎င်းတို့၏တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်ရန်ကိုလည်း တောင်းဆိုခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်မှတစ်ဆင့် အထွေထွေညီလာခံသည် လာမည့်နှစ်အစည်းအဝေးအစီအစဉ်တွင် အမေရိကန်မှကျူးဘားအပေါ် ချမှတ်ထားသောစီးပွားရေး၊ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပိတ်ဆို့မှုများကို အဆုံးသတ်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များပါဝင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Reference : https:// news.un.org/en/story/2024/10/1156316

## အင်ဒိုနီးရှားနိုင်ငံ၏ အလုပ်သမားဆိုင်ရာဥပဒေအကြောင်း တစေ့တစောင်း

အင်ဒိုနီးရှားနိုင်ငံ၏ အလုပ်သမားဆိုင်ရာဥပဒေသည် အဓိကအားဖြင့် the Manpower Act (၂၀၀၃ ခုနှစ်၊ ဥပဒေအမှတ် ၁၃) ဖြစ်ပါသည်။ ဥပဒေကို ၂၀၂၀ ခုနှစ်၊ ဥပဒေအမှတ် ၁၁ ဖြင့် ပြင်ဆင်ခဲ့ပြီး ပြင်ဆင်သည့်ဥပဒေကိုလည်း ၂၀၂၂ ခုနှစ် ဥပဒေအမှတ် ၂ ဖြင့် ပြန်လည်ရုပ်သိမ်းခဲ့ပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဥပဒေအမှတ် ၆ ကို ထပ်မံ ပြဋ္ဌာန်းခဲ့ပါသည်။

ထပ်မံပြင်ဆင်ပြဋ္ဌာန်းသည့်ဥပဒေများအရ အင်ဒိုနီးရှားနိုင်ငံတွင်နေရာဒေသနှင့် လုပ်ငန်းကဏ္ဍပေါ်မူတည်၍ အနိမ့်ဆုံးလုပ်ခ၊ လစာကွဲပြားမှုရှိပါသည်။ အလုပ်သမားများသည် လစာအပြင် လုပ်သက်ခွင့်၊ မီးဖွားခွင့်၊ နာမကျန်းခွင့်နှင့် ဘာသာရေးဆိုင်ရာ အားလပ်ရက်ထောက်ပံ့ကြေးများ အပါအဝင် အကျိုးခံစားခွင့်အမျိုးမျိုးကို ခံစားခွင့်ရှိပါသည်။

အလုပ်အကိုင်ဆိုင်ရာ fixed-term contracts (FTC) အနေဖြင့် FTC based on the completion of work၊ FTC based on the period နှင့် FTC related to non-permanent work ဟူ၍ ၃ မျိုးရှိပါသည်။ ယခင်က FTC ကို ရပ်စဲလျှင် ရပ်စဲသူက FTC ၏ ကျန်ရှိသည့်ကာလအတွက် အလုပ်သမား၏လစာနှင့်ညီမျှသော လျော်ကြေးငွေကို ပေးဆောင်ရန် လိုအပ်ပါသည်။ သို့သော် FTC သည် သဘာဝအတိုင်း သက်တမ်းကုန်သွားပါက မည်သည့်ပါတီမှ လျော်ကြေးပေးရန်မလိုပါ။ ယခုပြောင်းလဲလိုက်သည့်စည်းမျဉ်းများအရ အလုပ်သမားက သက်တမ်းမကုန်ခင် FTC ကို ရပ်စဲလျှင်ပင် အလုပ်ရှင်သည် လျော်ကြေးငွေပေးဆောင်ရန် တာဝန်ရှိမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံခြားသား အလုပ်သမားများသည် အဆိုပါလျော်ကြေးငွေကို ရရှိပိုင်ခွင့်မရှိပါ။

အင်ဒိုနီးရှားနိုင်ငံတွင် ပုံမှန်အလုပ်ချိန်သည် တစ်ပတ်လျှင် နာရီ ၄၀ ဖြစ်ပြီး အလုပ်လုပ်ရက် ငါးရက်အတွက်ဆိုလျှင် တစ်ရက်လျှင် ၈ နာရီ သို့မဟုတ် အလုပ်လုပ်ရက် ခြောက်ရက်အတွက် ဆိုလျှင် တစ်ရက်လျှင် ၇ နာရီ အလုပ်ချိန်ရှိပါသည်။ အချိန်ပိုအနေဖြင့် အများပြည်သူရုံးပိတ်ရက်များ မပါဝင်ဘဲ တစ်ရက်လျှင် ၄ နာရီနှင့် တစ်ပတ်လျှင် ၁၈ နာရီအထိ အချိန်ပိုအလုပ်ချိန်ကို တိုးမြှင့် သတ်မှတ်ထားပါသည်။ အချိန်ပိုလုပ်အားခရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏စည်းမျဉ်း သို့မဟုတ်

အလုပ်ခန့်ထားမှုဆိုင်ရာစာချုပ်တွင် တိတိကျကျ ဖော်ပြထားရန်လိုအပ်ပြီး ထိုသို့ဖော်ပြခြင်းမရှိပါက အလုပ်သမားများသည် အချိန်ပိုလုပ်အားခ အလိုအလျောက် ရရှိခွင့်ရှိမည်ဖြစ်ပါသည်။ အချိန်ပိုလုပ်အားခတွက်ချက်ရာတွင်လည်း အလုပ်ဖွင့်ရက်၊ စနေတနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များ အပေါ်မူတည်၍ အမျိုးအစားများ ခွဲခြားသတ်မှတ်ထားပါသည်။

အလုပ်သမားကို အလုပ်မှရပ်နားလိုလျှင် အလုပ်ရှင်သည် အကြောင်းပြချက်နှင့်ရပိုင်ခွင့်များ ဖော်ပြ၍ အလုပ်စတင်ရပ်နားစေမည့် ရက်မတိုင်ခင် အနည်းဆုံး ၁၄ ရက်ကြိုတင်၍ အကြောင်းကြားစာပေးရမည်ဖြစ်ပြီး အလုပ်သမားက ကန့်ကွက်မှုမရှိပါက အလုပ်ရှင်သည် Ministry of Manpower သို့ အကြောင်းကြားမည်ဖြစ်ပါသည်။ အလုပ်သမားအနေဖြင့် ကန့်ကွက်ရန်ရှိပါက အကြောင်းကြားစာရရှိပြီး ၇ ရက်အတွင်း ကန့်ကွက်စာရေးသား ကန့်ကွက်နိုင်ပါသည်။ အလုပ်မှရပ်နားခြင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုကို အလုပ်ရှင်နှင့်အလုပ်သမားအချင်းချင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရမည်ဖြစ်ပါသည်။ ဖြေရှင်း၍မရပါက ဒေသအလုပ်သမားရုံးသို့ စေ့စပ်ဖြေရှင်းပေးရန် သွားရောက်နိုင်ပြီး အလုပ်သမားရုံးတွင်လည်း ဖြေရှင်း၍မရပါက တရားရုံးတွင် ဖြေရှင်းဆောင်ရွက်နိုင်ပါသည်။ အလုပ်သမားသည် အလုပ်ရပ်နားမှုအတွက် ရပိုင်ခွင့်အခွင့်အရေးများရှိပြီး အဆိုပါရပိုင်ခွင့်အတွက် အလုပ်မှရပ်နားရသည့် အကြောင်းအရင်းနှင့် လုပ်သက်များပေါ်တွင်မူတည်၍ တွက်ချက်ရရှိမည်ဖြစ်ပါသည်။

နိုင်ငံခြားသားအလုပ်သမားကိုငှားရမ်းသည့် အလုပ်ရှင်များသည် နိုင်ငံခြားသားအလုပ်သမားလုပ်ကိုင်မည့်အလုပ်၊ ရာထူးနှင့် အလုပ်အကိုင်သက်တမ်းတို့ကို အသေးစိတ်ဖော်ပြထားသည့် နိုင်ငံခြားသားအလုပ်သမားသုံးစွဲမှုအစီအစဉ် (Foreign Worker Utilization Plan) ပြင်ဆင်ထားရှိရန်လိုအပ်ပြီး ၎င်းသည် ဗီဇာနှင့်နေထိုင်ခွင့်များ (visa and stay permits) ရရှိရေးအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်ပါသည်။ နိုင်ငံခြားသားအလုပ်သမားကို ငှားရမ်းမည်ဆိုလျှင် ငှားရမ်းမည့်ကုမ္ပဏီသည် အွန်လိုင်းမှတစ်ဆင့် Ministry of Manpower သို့ လျှောက်ထားရမည်ဖြစ်ပါသည်။

ထို့ပြင် စည်းမျဉ်းများအရ နိုင်ငံခြားသားအလုပ်သမားကို ငှားရမ်းနိုင်မည့် အလုပ်ရှင်များတွင် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားတိုင်းပြည်ကိုယ်စားလှယ်များ၊ နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာကိုယ်စားလှယ်များ၊ အင်ဒိုနီးရှားနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံခြားသတင်းအေဂျင်စီများနှင့် နိုင်ငံခြားကိုယ်စားလှယ်ရုံးများ၊ အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေး လုပ်ငန်းလုပ်ကိုင်နေသည့် နိုင်ငံခြားပုဂ္ဂလိကကုမ္ပဏီများ၊ အင်ဒိုနီးရှားနိုင်ငံတွင်တည်ထောင်ထားသော ပုဂ္ဂလိကကုမ္ပဏီများကဲ့သို့သော အဖွဲ့အစည်းများ၊ လူမှုရေး၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများ၊ ဖျော်ဖြေရေးဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများနှင့် နိုင်ငံခြားသားအလုပ်သမားများ ကိုအလုပ်ခန့်ခွင့်ပြုသည့် အခြားစီးပွားရေးလုပ်ငန်းများ ပါဝင်ပါသည်။

တင်ပြလျှောက်ထားသည့်စာရွက်စာတမ်းများမှန်ကန်ပြီး စိစစ်ပြီးစီးပါက Ministry of Manpower သည် နိုင်ငံခြားအလုပ်သမားလျော်ကြေးရန်ပုံငွေ (Foreign Workers Compensation Fund) သို့ ဒေါ်လာ ၁၀၀ ပေးသွင်းရန် အကြောင်းကြားစာ ထုတ်ပေးမည်ဖြစ်ပြီး အဆိုပါဒေါ်လာ ၁၀၀ ကို နိုင်ငံခြားသားအလုပ်သမား စာချုပ်သက်တမ်းရှိသမျှ လစဉ်ပေးချေရမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံခြားတိုင်းပြည်ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပညာရေးကဏ္ဍရှိ အချို့သောရာထူးများ အတွက် အဆိုပါငွေပေးသွင်းရန် ကင်းလွတ်ခွင့်ပြုထားပါသည်။ အလုပ်ရှင်ကငွေကို ပေးသွင်းပြီးပါက Ministry of Manpower က အတည်ပြုချက်ထုတ်ပေးမည်ဖြစ်ပြီး အချက်အလက်များကိုလည်း ဗီဇာနှင့် နေထိုင်ခွင့်များအတွက် Ministry of Law and Human Rights သို့ ပေးပို့မည်ဖြစ်ပါသည်။

အလုပ်ရှင်များသည် နိုင်ငံခြားသားအလုပ်သမားများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ Ministry of Manpower သို့ နှစ်စဉ်အစီရင်ခံစာ တင်ပြရန်လိုအပ်ပါကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source:https://www.aseanbriefing.com/news/indonesia-employment-laws-contracts-wages-and-compliance-guide/

https://www.aseanbriefing.com/doing-business-guide/indonesia/human-resources-and-payroll/labor-law#:~:text=Labor%20Law%20of%202003%20on,the%20following%20rights%20for%20employees

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

